

# နမ္မတွင်းရှိသတ္တုတူးဖော်မှု ချက်ချင်းရပ်



နမ္မရှမ်းတောင်သူလယ်သမားများ

# မာတိကာ

| ခေါင်းစဉ် | စာမျက်နှာ |
| --- | --- |
| ၁။ နိဒါန်း | ၆ |
| ၂။ နမ္မ၏နောက်ကြောင်း | ၇ |
| ၃။ နမ္မတွင်းရှိ သတ္တုတွင်း | ၉ |
| ၄၊ နားကွန်သတ္တုတွင်း | ၁၀ |
| ၅။ ပိန်းဆိုင်းသတ္တုတွင်း | ၁၄ |
| ၆။ ပန်ငါးသတ္တုတွင်း | ၂၄ |
| ၇။ နမ္မဒေသတွင်းရှိ သတ္တုတွင်းများကြောင့် ထိခိုက်ပျက်ဆီးမှုများ | ၂၅ |
| ၈။. ရွာသူရွာသားများ သတ္တုတွင်းရပ်တန့်သွားဖို့နည်းရှာရာ ကုမ္ပဏီမှပြန်လည်တုံ့ပြန်မှုများ | ၃၀ |
| ၉။ တောင်းဆိုချက် | ၃၅ |


LIUGONG



# နမ္မသတ္တုတွင်း



# နိဒါန်း

သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုရှိ ကျောက်မီးသွေးများကို ငွေရည်ပုလဲကုမ္ပဏီ မှ ၂၀၀၄ခုနှစ်တွင်စတင်တူးဖော်သည်။သတ္တုတူးဖော်မှုကြောင့်ဒေသခံတွေရဲ့ လယ်ယာမြေများ နှင့် စိုက်ပျိုးခြံများပျက်ဆီးဆုံးရှုံးစေမှု၊ ရေ နှင့် လေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်သောကြောင့် ထိုဒေသခံ ရွာသူရွာသား ၃၀၀၀ ကျော်သည် ကျန်းမာရေးများစွာ ထိခိုက်နေပါသည်။ သတ္တုတူးဖော်မှုရပ်တန့်ရန်အတွက် ဒေသခံရွာသူရွာသားများ ဧပြီလ ၁ ရက်နေ့ ၂၀၁၆ ကတည်းက စုဝေး ဆန္ဒကျင် တောင်းဆိုပေမဲ့လည်း ကုမ္ပဏီက သတ္တုရှိရာဧရိယာများကိုဆက်လက်တူးဖော် နေသည်။သတ္တုတူးဖော်မှုများလုပ်ငန်း စဉ်များကို ကာကွယ်ရန် မြန်မာအစိုးရတပ်မတော်သည် ထိုနယ်မြေတွင်းအခြေစိုက်တပ်စခန်းရှိသည့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) ကို နယ်မြေမှထွက်ခွာရန် မေလ ၂၀၁၆ တွင်ထိုးစစ်ဆင်ရှင်းလင်းခဲ့သည်။ဒေသခံရွာသားများကိုလည်း ဖမ်းဆီးရိုက်နက်သည့်အပြင် ဥပဒေမဲ့စွာသတ်ပစ်သည်။ ယခုချိန်ထိ တစ်နေ့ကို သတ္တုတွင်းဧရိယာကနေ လော်လီကားကြီး အစီးတစ်ရာကျော်နှင့် သယ်ယူပို့ဆောင်နေသည်။

သတ္တုတွင်းကြောင့်ဒေသခံ၏ကျန်းမာရေး၊ပတ်ဝန်းကျင်နှင့်သူတို့ရဲ့အသက်မွေးဝမ်းကြောင်းဖြစ်တဲ့လယ်ယာမြေများအစရှိသည်တို့ထိခိုက်ပျက်စီးနေသောကြောင့်နမ္မဒေသခံရွာသူရွာသားများကအစိုးရကိုသတ္တုတူးဖော်မှုချက်ချင်းရပ်တန့်ပေးရန်လေးလေးနက်နက်တိုက်တွန်းသည်။



*နားကွန်ရှိသတ္တုတွင်း*

# နမ္မ၏နောက်ကြောင်း

## ၁။ နမ္မရှိလူဦးရေ နှင့် အသက်မွေးဝမ်းကြောင်း

နမ္မအုပ်စုထဲတွင် ကျေးရွာ (၇) ရွာ ရှိသည်။ ရွာသူရွာသားများအားလုံးရှမ်းလူမျိုး ဖြစ်သည်။ ထိုဒေသခံများ အဓိက အသက်မွေးမှာ လယ်ယာ စိုက်ပျိုးရေး ဖြစ်သည်။ ဒေသခံစိုက်ပျိုးသော ကောက်ပဲသီးနှံများမှာ စပါးစိုက်ပျိုးခြင်း၊ ပြောင်း၊ လိမ္မော်သီး၊ မုန်ညှင်း၊ နှမ်း နှင့် လှော်ကပ် စသည်တို့ကိုစိုက်ပျိုးသည်။

နမ္မကျေးရွာ အုပ်စုထဲတွင်း လူဦးရေပေါင်း ၁၅၀၀ ခန့်နေထိုင်လျက်ရှိသည်။ ကျေးရွာအုပ်စုတွင်းရှိ ရွာအမည်များ၊ အိမ်ခြေများနှင့်လူဦးရေများကိုအောက်ပါအတိုင်းဖော်ပြထားသည်။

| စဉ်။ | ရွာအမည် | အိမ်ခြေ | အနီးစပ်ဆုံးလူဦးရေ |
|---|---|---|---|
| ၁။ | (နမ္မ) ဝမ်လုံ | ၇၈ | ၂၇၅ |
| ၂။ | ပိန်းဆိုင်း | ၁၇ | ၅၄ |
| ၃။ | ပါတပ် | ၂၄ | ၈၀ |
| ၄။ | နားနန်း | ၂၈ | ၁၂၅ |
| ၅။ | နောင်ခွေး | ၇၄ | ၃၄၃ |
| ၆။ | ကုန်းပေါင်း | ၉၃ | ၄၁၁ |
| ၇။ | နားကွန် | ၄၉ | ၂၀၁ |
| စုစုပေါင်း | | | ၁၄၈၉ |

သတ္တုတူးယူ၍သယ်ယူပို့ဆောင်ရာလမ်းတစ်လျှောက်ရှိထိခိုက်နစ်နာသောရွာ (၇) ရွာ ရှိသည်၊ လူဦးရေ ၁၈၀၀ ရှိသည်။ နမ္မကျေးရွာအုပ်စု နီးနားတစ်ဝိုက်နှင့် သီပေါမြို့ သွားရာလမ်းတစ် လျှောက်တွင် နေထိုင်လျက်ရှိသည်။

| စဉ်။ | ရွာအမည် | အိမ်ခြေ | အနီးစပ်ဆုံးလူဦးရေ |
|---|---|---|---|
| ၁။ | နားတော် | ၃၀ | ၁၂၀ |
| ၂။ | ပန်ငါး | ၂၈ | ၁၀၀ |
| ၃။ | မောက်တောင် | ၆၅ | ၂၆၀ ခန့်မှန်းခြေ |
| ၄။ | နားဟီး | ၃၈ | ၁၅၀ ခန့်မှန်းခြေ |
| ၅။ | နမ့်ပု | ၅၀ | ၂၀၀ ခန့်မှန်းခြေ |
| ၆။ | နောင်ခွန် | ၄၀ | ၁၆၀ ခန့်မှန်းခြေ |
| ၇။ | ဟန်နား | ၂၀၀ | ၈၀၀ ခန့်မှန်းခြေ |
| စုစုပေါင်း | | | ၁၇၉၀ခန့်မှန်းခြေ |



ပန်ငါးကျေးရွာရှိသတ္တုတွင်း

## နိုင်ငံရေးအခြေအနေ

နမ့်အုပ်စု တွင် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA)က နှစ်ကာလပေါင်းများစွာတပ် စိုက်ခဲ့သည်။ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် အစိုးရစစ်တပ်ကြား အပစ်ခေတ်ရပ်ဆဲရေး ၁၉၈၉ နှောင်းပိုင်း တွင် ထိုနယ်မြေကို ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် အာဏာပိုင်အစိုးရတပ်မတော် တို့ပူးတွဲအုပ်ချုပ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင်နားကွန်းရွာအနီးရှိ ငွေရည်ပုလဲ ၏သတ္တုတွင်း တွင်အစိုးရတပ်မတော်တပ်စခန်းအခြေချထားရာ ၂၀၀၉ တိုင်ထိ တပ်စခန်းတည်ရှိနေဆဲဖြစ်သည်။

နမ့်ဝမ်လုံ ထဲတွင် ယခင်က ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) စခန်းရှိသည်။၂၀၁၀ ခု ဧပြီလတွင် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) သည် နယ်ခြားစောင့် တပ်အဖြစ် လက်မခံသဖြင့် ဗမာအစိုးရတပ်မတော်က သူတို့ကို တောင်ဘက်ရှိ နားတော်နယ် ဘက်သို့ ရောက်အောင် တိုက်ထုတ်လိုက်သည်။ မေလ ၂၀၁၆ ထဲတွင် ဗမာ့အစိုးရတပ်မတော်သည် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) ကိုကြီးမားသည့်ထိုးစစ်ဆင်မှုကိုစတင်ရာ နမ့်ဇရိယာနယ်မြေ ကနေအပြီးထိ ထွက်ခွာသွားအောင်တိုက်ထုတ်ခဲ့သည့်အပြင် သူတို့၏တပ်စခန်းကိုလည်းဖျက် ဆီးပစ်လိုက်သည်။ တိုက်ပွဲချိန်အတွင်း ရွာသားများ ဖမ်းဆီးနှိပ်ဆက်ခြင်း၊ ရိုက်နှက်ခြင်း နှင့် အသတ်ဖြတ်ခြင်းများကို ရွာသားများခံခဲ့ ရသည်။

# နမ္မတွင်းရှိ သတ္တုတွင်း

## မော်ထန်တွင်းရှိ ဗမာ့အစိုးရတပ်မတော်၏ ကျောက်မီးသွေးသတ္တုတွင်း

နမ္မအုပ်စုရဲ့မြောက်ဘက်ရှိ မော်ထန်နယ်နိမိတ်ထဲတွင် ပထမဆုံးသော ကျောက်မီးသွေး သတ္တုတွင်း ကို ၁၉၈၀ ခုနှစ်တွင် စတင်တူးဖော်သည်။ ထိုချိန်တွင် သတ္တုတွင်းကို အစိုးရစစ်တပ်က တိုက်ရိုက်ကိုင်သွယ်လုပ် ဆောင်သည်။ ရွာတစ်ရွာ(ခေါ် )မော်ထန်ရွာကို သတ္တုတွင်း အလုပ်သမားများ အတွက် နှင့် သူတို့မိသားစုကောင်း ကျိုးအတွက်တည် ဆောက် ခြင်းဖြစ်သည်။

နမ္မကျေးရွာအုပ်စု၏တောင်ပေါ်ဒေသတွင် သတ္တုတူးဖော်ချိန် နှင့် သယ်ယူပို့ဆောင်ရာ လမ်းက နမ္မကျေးရွာအုပ်စုကိုဖြတ်သည့်အပြင် နမ္မရွာသူရွာသားများကလည်း သတ္တုတွင်းကြောင့် များ စွာထိခိုက်ပျက်ဆီးမှုများကိုသတိမထားမိပေ။သို့သော်သတ္တုတွင်းဧရိယာနယ်မြေမှ စီးဆင်းလာသော ရေသည် ဒေသခံများမှီခိုသည့်နမ္မချောင်းထဲသို့တိုက်ရိုက် စီးဆင်းလာရာထိုရေသည် အနက်ရောင် ဖြစ်လာသည်။ သတ္တုတူးဖော်ရာတွင် ရေအသုံးများသောကြောင့် မြစ်အောက်ဘက် ပိုင်းရှိ မြစ်ချောင်း ကိုမှီတင်းနေထိုင်သောရွာသူရွာသားများ တစ်ခါတစ်လေ ရေပြတ်လပ်ခြင်းကိုကြုံတွေ့ခဲ့ ရသည်။

၁၉၉၀ ခုနှစ်အတောအတွင်း မော်ထန်ထဲတွင် ကြီးမားသောပမာဏရှိသည့် သတ္တုများကို တူးဖော်ရာ ထိုသတ္တုများကို သံမဏိစက်ရုံ နှင့် ဘိလပ်မြေချက်စက်ရုံ များရှိရာ မြန်မာပြည် မြေပြန့်ဒေသ ဘက်သို့ ဆက်လက်ရောင်းချသည်။ သို့သော် ၂၀၀၀ ခုနှစ်တွင် သတ္တုထွက်နှုန်း ပမာဏလျော့ကျ လာခြင်းကြောင့် ၂၀၁၀ ခုကတည်းက ဤ နေရာတွင် တူးဖော်ဖို့သတ္တု မရှိတော့ပေ။

## ၂။ ကျောက်မီးသွေးသတ္တု တူးဖော်သော ငွေရည်ပုလဲ


ငွေရည်ပုလဲသည် မန္တလေးအခြေစိုက်သည့်ကုမ္ပဏီဖြစ်ပြီး ထိုကုမ္ပဏီ၏ထုတ်ကုန်ဖြစ်သော "Crown" တံဆိပ် ဘိလပ်မြေ နှင့် သကြားတို့ကို မန္တလေး နှင့် နောင်ချို ရှိစက်ရုံတို့မှ ထုတ်လုပ်သည်။

နမ္မနယ်မြေရှိကျောက်မီးသွေးကို ငွေရည်ပုလဲကုမ္ပဏီမှ ၂၀၀၄ ခုနှစ်မှစတင်တူးဖော်ခဲ့သည်။ ထိုချိန် တွင် သတ္တုတူးဖော်မှုအတွက် အရှေ့မြောက်ပိုင်းတိုင်းဒေသ၏တိုင်းမှူး သည်လည်း ၃ ပုံ ၁ ပုံ ရှယ်ယာပါဝင်သည်။

နမ္မရေယာ နယ်မြေထဲရှိ သတ္တုတွင်းများကို ငွေရည်ပုလဲကုမ္ပဏီမှ တူးဖော်ဖို့ အတွက် မြန်မာ့သတ္တုတူးဖော်ရေး လုပ်ငန်းအမှတ် (၃) နှင့် ၁၀ နှစ်တူးဖော်ခွင့် ကို ၂၀၁၀ ခု ဩဂုတ်လ ထဲတွင် ခွင့်ပြုလိုက်သည်။ ၁၁.၃ စတုရန်း ကီလိုမီတာ အကျယ်ရှိ "(နားကွန်) ကုန်းပေါင်း" ရေယာနယ်မြေကို တူးဖို့ခွင့်ပြုမိန့်ချပေးသည်။ မြန်မာ့ သတ္တုဝန်ကြီးဌာနမှ ခွင့်ပြုမိန့်အရ ခွင့်ပြုချက်တည်နေရာ၏ စာရွက်အထောက်အထားကို အောက်ပါအတိုင်းဖော် ပြထားသည်။ ငွေရည်ပုလဲသည် ရေယာနယ်မြေ နှစ်ခုဖြစ်သည့် (နားကောင်းနှင့် ပန်ငါး အနီး) ရှိ ကျောက်မီးသွေးထွက်သော နယ်မြေမှာ ခွင့်ပြုရေယာထဲမပါ သော်လည်း သတ္တုတူးနေသည်။

ဖေဖော်ဝါရီ ၂၀၁၆ ထဲတွင် ငွေရည်ပုလဲကုမ္ပဏီကို နောက်ထပ်တစ်နှစ်ခွင့်ပြုမိန့်ပေးခဲ့ ရာ မြန်မာ့သတ္တုဝန်ကြီးဌာန ကနေ သုံးနေရာထဲရှိကျောက်မီးသွေးစမ်းသပ်တိုင်းတာရန် အတွက် ကုန်းပေါင်း ( နားကွန်) ထဲကလို စမ်းသပ်တိုင်းတာခွင့်ပေးလိုက်သည်။ ပထမ အကျယ်အဝန်း မှာ ၅၅.၇၉ ဧက၊ ဒုတိယ အကျယ်အဝန်းမှာ ၂၃၈ ဧက နှင့် တတိယ အကျယ်အဝန်းမှာ ၂၃၅.၅၄ ဧက ရှိသည်။ ဒီအကျယ်အဝန်းနေရာများကို ရွာသူရွာသားများ ကသိရှိခြင်းမရှိခဲ့ပါ။ ၂၃ ရက် ဇွန်လ ၂၀၁၆ နေ့စွဲဖြင့် နမ္မကျေးရွာအုပ်ချုပ်ရေးမှူးသို့ သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးမှ ပို့ပေးသောစာစောင်အရ နမ္မအုပ်စုအုပ်ချုပ်ရေးရုံးမှာ ထိုနယ်မြေထဲတွင် ငွေရည်ပုလဲကုမ္ပဏီမှ ဆက်လက်စမ်းသပ်ဖို့အတွက် ရွာသူရွာသား ၁၅ ဦးမှ ခွင့်ပြုချက်လက်မှတ် ရေထိုးခဲ့သည်ဟုဆို သည်။သို့ပေမဲ့ နမ္မကျေးရွာ၏ခေါင်းဆောင်များက ဒီအကြောင်းကို ဘယ်သောအခါမှ တိုင်ပင်ခြင်းမရှိသည့်အပြင် ခွင့်ပြုဖို့လက်မှတ်ရေထိုးရသောမည်သည့်စာရွက်စာတမ်းကိုပေးခြင်း ဘယ်သောအခါ မှမရှိခဲ့ပါဟုဆိုသည်။

ငွေရည်ပုလဲကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ရဧရိယာနှင့်နမ္မကျောက်မီးသွေးတူးဖော်နေရာပြမြေပုံ



# နားကွန်သတ္တုတွင်း


နားကွန်းကျေးရွာအနီးရှိ သတ္တုတွင်းကို ၂၀၀၄ ခုနစ်တွင်စတင်တူးဖော်ခဲ့သည်။ သတ္တုစတင်တူးဖော်မှုမတိုင်ခင် ကိုလည်း ရွာသူရွာသားများကို အသိပေးခြင်းမရှိခဲ့ပါ။ ၁၀ နစ်ခန့် ကုမ္မဏီမှ သတ္တုမြုားကိုသာမန် တူးထုတ်ပြီး ၂၀၁၄ တွင် လှိုင်ခေါင်း များတူး၍ ထုတ်ယူသည်။ သတ္တုတူးဖော်သောနေရာတွင် ဗမာလူမျိုး အလုပ်သမား အယောက် ၅၀ နှင့် တရုတ် အင်ဂျင်နီယာ ၂၀ ယောက်ခန့်ရှိသည်။ တရုတ်လူမျိုးများ၂၀၁၄ ကတည်းက ရောက်လာခဲ့သဖြင့် ထိုချိန်မှစပြီး ကုမ္မဏီမှ မြေအောက်သတ္တုတွင်းကိုစတင်တူးဖော်ခဲ့သည့်အတွက် မြေအောက်လိုဏ်ဂူတူးခြင်းနေရာတွင် သူတို့ကျွမ်းကျင်စွာတူးဖော်နိုင်သည်။ ပန်ဆိုင်းရှိ ကုမ္မဏီ၏ အိမ်တွင် ဗမာ့အလုပ်သမားများနေပြီး တရုတ်အင်ဂျင်နီယာတော့ နားကွန် ရွာမှာနေသည်။ လုပ်ငန်းခွင်ထဲတွင် မြေတူးစက် ၄ စီး၊ လော်လီကားကြီး ၁၁ စီး နှင့် ထရပ်ကား ၁၀ စီး ဆိုဒ်ထားသည်။ သတ္တုများကို သတ္တုတွင်း အနီးတွင် သိုလှောင်ထားပြီး စွန့်ပစ်ရေများ ကို လည်း သတ္တုတွင်းတူးသည့်နေရာကို စွန့်ပစ်သည်။

နားကွန်ရွာ ၏ မြောက်ဘက်ရှိ သတ္တုများကိုလည်းတူးဖော်ရာ တစ်ချို့သောရွာသားများ၏ တောင်ယာမြေ များပျက်ဆီးသည့်အပြင် စိုက်ပျိုးဖို့အတွက် ရေအရင်းမြစ်များကိုလည်း ပိတ်ဆို့စေခဲ့သည်။ လယ်သမား တစ်ယောက်၏ ပြောပြချက်အရ သူ့ပြောင်းခင်းဆီ စီးဆင်းရာ ရေလမ်းကြောင်းကိုပိတ်ဆို့လိုက်သဖြင့် တစ်နှစ်ကိုသူ ၁၀သိန်း ခန့်ဆုံးရှုံးသည် - ဟုဆိုသည်။

လှိုင်ခေါင်း နှင့် တူးဖော်ရာ နေရာ၏ လမ်းများအတွက် သဲအများအပြားသုံးထားခဲ့သည်။ သဲများကို ပိန်းဆိုင်းရွာ၏ တောင်ဘက်ခြမ်းတွင်သွားတူးဖော်သုံးစွဲသည်။ ဒီသဲတွေများသည် ငွေရည်ပုလဲ သတ္တုတူးဖော် ရာကထွက် ပေါ် လာသည်။ ထို့နောက် နားကွန်သတ္တုတွင်းရှိတရုတ်တွေကို ဆက်လက်ရောင်းချသည်။

သတ္တုများကိုတူးဖော်သည့်နေရာကနေ သတ္တု ၂၅ တန်ဆံ့သော၂၂ ဘီးကားဖြင့် သယ်ယူပို့ဆောင်သည်။ သတ္တုများကို သီပေါမြို့ နှင့် သီပေါထက်ကွာဝေးသောတနေရာသို့ သယ်ယူပို့ဆောင်သည်။

မေလ ၂၀၁၆ တိုက်ပွဲကာလ နောက်ပိုင်းတွင် နားကွန်(နှင့်ပန်ငါး) ထဲသို့ချက်ချင်းပြန် လည်တူးဖော်သည်။ တစ်နေ့တော့ လော်လီကားကြီးအစီး ၁၀၀ ခန့်ပါသည်ကို ထိုရွာသားတစ်ဦးမှ တွေ့ခဲ့ရသည်။





*နားကွန်တွင် ရှိသော ကျောက်မီးသွေးတင်ထရပ်ကား*

# ပိန်းဆိုင်းသတ္တုတွင်း

ပိန်းဆိုင်းရွာအနီးရှိ သတ္တုတွင်းကို ၂၀၀၅ ခုနှစ်တွင် ငွေရည်ပုလဲ မှစတင်တူးဖော်သည်။ လုပ်ငန်းခွင်ထဲတွင် ကုမ္ပဏီ အိမ်များကိုတည်ဆောက်ထားသည်။ ဗမာအလုပ်သမား (၃၀) ကျော် သည်တူးဖော်မှုလုပ်ငန်း ခွင်ထဲတွင် လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည်။ တစ်ချို့ ရွာသားတို့က ဤလုပ်ငန်းခွင်ထဲကိုအလုပ် ရဖို့ကြိုးစားခဲ့သော်လည်း တူးဖော်မှုလုပ်ငန်းထဲတွင် ဒေသခံရွာသားတွေကို အလုပ်သမားအဖြစ် သူတို့ခန့်အပ်ခြင်းမရှိပေ။

တွင်းနက်ကြီးဖြစ်သည်ထိ ကုမ္ပဏီမှ တူးဖော်ထုတ်ယူသည်။ ပိန်းဆိုင်းရွာ၏အရှေ့ဘက်ရှိလယ်ယာမြေများကို သူတို့တူးဖော် ခြင်းနှင့် သတ္တုတူးဖော်ရာမှ အသုံးပြုပြီးသောစွန့်ပစ်ရေများကို တူးဖော်မှုဧရိယာ နယ်နိမိတ်၏ တစ်ဘက်တစ်ချက်ရှိ လယ်ကွက်ထဲနှင့် ကျွဲနွားစားကျက်မြေနေရာများပေါ်စွန့်ပစ်ခဲ့သည်။ ရွာသားများ ရဲ့ ပျက်ဆီးသွားသော လယ်ကွက်များကို လျော်ကြေးအနေဖြင့် ၂၀၀၆ တွင်ပေးဆောင်ရာ လယ်တစ်ကွက် စာ ငွေပမာဏ ၅ သိန်း ကျပ်ကနေ ၁၀ သိန်း ကျပ် သာပြန်လည်လျော်ကြေးပေးသည်။ တစ်ကယ်တော့ ရွာသားတွေရဲ့ လယ်တစ်ကွက်ကို တစ်နှစ်ဝင်ငွေ ၅ သောင်း ကနေ တစ်သိန်းထိ ရွာသားများ ဝင်ငွေရရှိသည်။ ထို့ကြောင့် ဒီလျော်ကြေးသည် လုံလောက် ထိုက်တန်မှု မရှိပါ။

၂၀၀၉ ခုနှစ်ထဲတွင် ပိန်းဆိုင်းရွာ၏ တောင်ဘက်ပိုင်းရှိ တောင်ပေါ်ဧရိယာကို ၂၀၁၄ ခုနှစ်တွင် ကုမ္ပဏီသည် ဟိုနမ့်ဖသတ္တုတူးဖော်မှု များကိုစတင်ပြင်ဆင်သည်။ ဟိုနမ့်ဖ သည်နမ္မအုပ်စု၏ အဓိက ရေဝေပ်ဒေသဖြစ်သည်။ ရှေး အစဉ်အလာအရ ထုံးထမ်း ဥပဒေဖြင့် ကာကွယ်ထားကြသည်။ ထိုဧရိယာထဲတွင် တောင်ယာစိုက်ပျိုးခြင်း သို့မဟုတ် သစ်ပင်ခုတ်ခြင်းများကို မည်သူ့ကိုမျှပြုလုပ်ခွင့်မပြုပါ။ ထို့ကြောင့် ရွာသူရွာသားများက ထိုနေရာတွင်မည်သည့် သတ္တုတူးဖော်ခြင်းကိုမလိုလားသောကြောင့် ရွာသူရွာသားများလက်ခံနိုင်စွမ်းမရှိခြင်းကို ကုမ္ပဏီထံ နှင့် အာဏာပိုင် SSPP/SSA သို့ အကြောင်းကြားသည်။

သို့သော် ဧပြီလ ၂၀၁၂ တွင် ကုမ္ပဏီမှ တိတ်ဆိတ်စွာ ဤနေရာကိုစတင်တူးဖော်ပြီး လော်လီကားကြီး ၂၅ စီးစာရှိကျောက်မီး သွေးများကို တူးဖော်သွားသည်။ SSPP/SSA တို့ ဒီအကြောင်းကြားသောကြောင့် သူတို့ ကုမ္ပဏီဆီကို တိုင်ကြား ခြင်းနှင့် ဒဏ်ငွေ သိန်း ၁၀၀ ကျပ်


တပ်လိုက်သည်။ ထို့နောက် ဟိုနမ့်ဖ ရှိ သတ္တုတွင်း ကိုကုမ္ပဏီမှ ဆက်လက်တူးဖော်ခြင်းမရဲတော့သည်။

မြေအောက်ရှိ သတ္တုများကိုလိုဏ်ခေါင်း ပုံစံဖြင့် တူးထုတ်ဖို့ ၂၀၁၄ ခုနှစ်ထဲတွင် ကုမ္ပဏီက ကြိုးစားထုတ်ယူခဲ့ ပေမဲ့ လိုဏ်ခေါင်းထဲတွင် ရေများပြည့်နက်နေခြင်းနှင့် မြေပြိုမှုများဖြစ်သောကြောင့် ၂၀၁၅ ခုနှစ်တွင် ဆက်လက်တူးဖော်မှုကို ရပ်လိုက်သည်။

မတ်လ ၂၀၁၅ တွင် ပိန်းဆိုင်းဧရိယာရှိ တူးဖော်မှုအားလုံးကိုလည်း ကုမ္ပဏီမှ ရပ်လိုက်သည်အခါ ရေကို မဆုတ်ထုတ်သဖြင့်သတ္တုတွင်းမှာ ရေကန်များဖြစ်လာသည်။သတ္တုတွင်း ကြောင့်ဖြစ်ပေါ်လာသောချိုင့်နက်ကြီးကို ကုမ္ပဏီမှပြန်လည်မြေဖို့ပေးရန်ဒေသခံရွာသူရွာသားများထံ မှ အကြိမ်ပေါင်းများစွာတောင်းဆိုသော်လည်း ကုမ္ပဏီမှအကြိမ်တိုင်းငြင်းဆန်သည်။ရေကန်မှာရေ များကတိုက်စားသောကြောင့်ကန်ဘောင်များပြိုကျနေသည်။ ထိုကြောင့် မြေပြန်ဖို့စေချင်သည်။

ယခုချိန်တွင် ပိန်းဆိုင်းသတ္တုတွင်း ရပ်တန့်သွားသော်လည်း တူးဖော်စွန့်ပစ် ထားသောမြေစာပုံများ ကိုပြန်လည် ရှင်းထုတ်မှုမရှိခြင်း၊ ရေကန်အဖြစ် ဖြစ်သွားသော သတ္တုတူးဖော်သည့်တွင်းကို ပြန်လည်မြေဖို့ မှုမရှိခြင်း နှင့် မူလ လယ်ယာမြေများအတိုင်း ပြုပြင်မပေးခြင်း၊ ရေစီးရေလာလမ်းကြောင်းကို ထိန်းသိမ်းမပေးခြင်း တို့ကြောင့် ရွာသားများ လုပ်ကိုင်စားရန်ခက်နေသည်။ ရွာ၏ မြေနေရာပေါင်းတွင် ဆောက်ထားသော အိမ်နေရာကို ကုမ္ပဏီဝန်ထမ်းများဆက်လက်နေထိုင်နေသည်။ နားကွန်အနီးတစ်ဝိုက်ရှိ တူးဖော်မှုလုပ်ငန်းများကို ပိန်းဆိုင်းကနေ သူတို့နေ့တိုင်းသွားသည်။

နမ္မဧရိယာရှိ SSPP/SSA တပ်စခန်းသည် ထိုနယ်မြေမှ တိုက်ထုတ်ခံရပြီးသည့် နောက်ပိုင်း နမ္မနယ်မြေထဲ ရေဂပ်ဒေသဖြစ်သော ဟိုနမ့်ဖ တွင် သတ္တုတွင်းများကို ကုမ္ပဏီမှ စတင်တူးဖော်မှာကို ရွာသူရွာသားများ ကစိုးရိမ်ပူပန်မှုများစွာဖြစ်ကြရသည်။ ပိန်းဆိုင်းရွာသား တစ်ဦးက "သူတို့တူးဖော်နေသည်ကို ကျွန်ုပ်တို့နဲနဲလေးမှမလိုလားပါ။ ကျနော်တို့ ကလေးတွေအတွက် ဘာမှ ရရှိလိမ့်မှာမဟုတ်တော့ဘူး။ သူတို့ရဲ့အသက်မွေးဝမ်းကြောင်းမရှိတော့ရင် အနာဂတ် အတွက်လည်း ရှိလာမှာမဟုတ်။ အကယ်၍ ကျနော် တို့ရဲ့လယ်ကွက်ထဲတွင် စိုက်ပျိုးမှုမရတော့ပါက ကျနော်တို့တစ်ခြားနေရာ ပြောင်းဖို့သာကျန်တော့သည်။"


ကျောက်မီးသွေးတူးဖော်မှုကြောင့် ပိန်းဆိုင်း
နမ္မ လမ်းမကြီး
နမ္မ
နမ္မ ဝင်လုံ
ပိန်းဆိုင်း

းရွာအနီး ဆိုးကျိုးများထိခိုက်ပျက်စီးမှုပြမြေပုံ



# ပိန်းဆိုင်းရွာအနီးရှိ သတ္တုတူးဖော်မှုရဲ့အကျိုးတက်ရောက်မှု

## သတ္တုတူးဖော်မှုကနေ စားကျက်မြေနှင့် လယ်ယာမြေများဆုံးရှုံးခြင်း

သတ္တုတွင်းကြောင့်ပျက်ဆီးဆုံးရှုံးမှု သို့မဟုတ် ပိန်းဆိုင်းရွာသူရွာသားများပိုင်ဆိုင်သော လယ်ယာမြေဧက ၃၀ ကိုဆုံးရှုံးခဲ့ရသည်။ မြေစာစွန့်ပစ်ခြင်းနှင့် သတ္တုအတွက်ကုမ္ပဏီမှတူးဖော်ခဲ့သည့်နေရာတွင် အိမ်ထောင် ၅ ခု ရှိ လယ်ယာမြေများပျက်ဆီးဆုံးရှုံးခဲ့ ရသည်။ တစ်ခြား အိမ်ထောင်စု ၅ ခုသည်လည်း သတ္တုတွင်းလုပ်ဆောင် ချက်ကြောင့် လယ်ထဲသွင်းမည့်ရေလမ်းကြောင်းများကို ဖျက်ဆီးဆုံးရှုံးမှုခံခဲ့ရသည်။ သူတို့လယ်ကွက်ထဲ သို့ သွင်းမည့်ရေကို သတ္တုတွင်းရေကန်ထဲကနေ ကုမ္ပဏီမှ ပိုက်ဖြင့် သွယ်ပေး ခဲ့ပေမဲ့ထိုရေမှ ညစ်ညမ်းပြီး အင်ဂျင်ဆီနံ့လည်းရသည်။ ရေဆိုးညစ်ညမ်းမှုများ လယ်ကွက်ထဲသို့ဝင်လာသောကြောင့် စိုက်ပျိုးခြံများ အထွက်နှုန်း သုံးပုံတစ်ပုံခန့် လျော့ကျသွားသည်။

ကုမ္ပဏီမှတောင်ပေါ်ဘက်ခြမ်းထဲသို့ တူးဖော်ရာတွင် သတ္တုတွင်း၏ အရှေ့ဘက်ခြမ်းရှိ တောင်ပေါ်တွင် လှက်စိုက်ထားသော ပိန်းဆိုင်းလယ်သမားတစ်ချို့လည်း သူတို့၏ လှက်စိုက်ခင်းပါ ပျက်ဆီးဆုံးရှုံးခဲ့ရ သည်။

## သတ္တုတွင်းကြောင့်ပိန်းဆိုင်းရှိပျက်ဆီးသွားသောလယ်ယာမြေ

| စဉ်။ | လယ်ယာမြေ၏ပိုင်ရှင်များ | ဖျက်ဆီးဆုံးရှုံးသွားသောလယ်ဧက |
|---|---|---|
| ၁။ | စိုင်ယုလိန် | ၅ |
| ၂။ | လုံးအေး | ၁ |
| ၃။ | ခိုင်ထွန်းလှ | ၃ |
| ၄။ | စဝ်ပူယန် | ၅ |
| ၅။ | လုံးယွမ်း | ၃ |
| စုစုပေါင်း | | ၁၇ |



*နားကွန်ကျေးရွာ၏လယ်တော*

## သွင်းရေလမ်းကြောင်းကို ပိတ်ဆို့လိုက်သော သတ္တုတူးဖော်ရေးကြောင့် သီးနှံအထွက်နှုန်းကျဆင်းသွားသော ပိန်းဆိုင်းရှိ လယ်ယာမြေ

| စဉ်။ | လယ်ယာမြေပိုင်ရှင် | မြေဧက နှင့် သီးနှံကျဆင်းနှုန်း |
|---|---|---|
| ၁။ | တိလောက | ၄ |
| ၂။ | စိုင်းစော | ၂ |
| ၃။ | ပူစလေးစီဟ | ၂ |
| ၄။ | ဆိုင်ယီ | ၆ |
| ၅။ | နမက်ဖ | ၂ |
| စုစုပေါင်း | | ၁၆ |

# ရေအရင်းအမြစ်ဖြစ်တဲ့ ဟိုနမ့်ဖ တွင်သတ္တုတူးထုတ်မည်ဆိုပါက ထိခိုက်ပျက်ဆီး မည့် မြေယာများ၏ စာရင်း

## ၁။ ဝမ်လုံရွာသူရွာသားများ

| စဉ်။ | လယ်ယာမြေပိုင်ရှင် | မြေဧက |
|---|---|---|
| ၁။ | စိုင်းစီခေး | ၇ |
| ၂။ | လုံးထွန်းကျော် | ၃ |
| ၃။ | အာလောက | ၆ |
| ၄။ | ခမ္မ | ၄ |
| ၅။ | ကောဝိန် | ၄ |
| ၆။ | နန်းတွန် | ၄ |
| ၇။ | နန်းခမ်း | ၆ |
| ၈။ | ပူပန်း | ၃ |
| ၉။ | လုံးဖြူ | ၆ |
| ၁၀။ | ပါအိန် | ၇ |
| ၁၁။ | လုံးသြောအောင် | ၄ |
| ၁၂။ | ပူစော | ၄ |
| ၁၃။ | ခမ်းပီး | ၆ |
| ၁၄။ | ကျော်လွန်း | ၅ |
| ၁၅။ | ပူနာလိန်း | ၅ |
| ၁၆။ | လုံးသြလိ | ၅ |
| ၁၇။ | နိုင်းနန်းဦး | ၃ |
| ၁၈။ | စုလှ | ၄ |
| ၁၉။ | ခွန်ဝီး | ၅ |
| ၂၀။ | ပူစေးပေါ်င်း | ၉ |
| စုစုပေါင်း | | ၁၀၀ |

## ပိန်းဆိုင်းရွာသူရွာများ

| စဉ်။ | လယ်ယာမြေပိုင်ရှင် | မြေဧက |
|---|---|---|
| ၁။ | ပူမောင်အေး | ၆ |
| ၂။ | စိုင်းစု | ၆ |
| ၃။ | စိုင်းစော | ၃ |
| ၄။ | လုံးဆာ | ၅ |
| ၅။ | ချင်းယုံ | ၆ |
| ၆။ | ဆာလူ | ၆ |
| ၇။ | စိုင်းဆော | ၆ |
| ၈။ | နိုင်းအင်အွန် | ၃ |
| ၉။ | စိုင်းစု | ၁ |
| ၁၀။ | စိုင်းဆန်မောင် | ၆ |
| ၁၁။ | ချင်းပန္တီ | ၁ |
| စုစုပေါင်း | | ၄၉ |

ပိန်းဆိုင်းနှင့် ဝမ်လုံရှိ ရွာသားများ၏ ကျွဲနွားများ စားကျက်မြေနေရာကိုလည်းသတ္တုတွင်း မြေစာပုံများကြောင့် စားကျက်မြေနေရာများ များစွာဆုံးရှုံးခဲ့ရသည်။

ပိန်းဆိုင်းရွာသားများ၏ မြေနေရာထဲတွင်တိုက်စားခံရခြင်းသော သတ္တုတွင်းရှိရာနေရာကို တဖြည်းဖြည်းတိုက်စားပြီး ရေကန်ဖြစ်လာခြင်းမှာ ပိန်းဆိုင်းရွာသူရွာသားများအတွက် နောက်ထပ် ပြဿနာတစ်ရပ်ပင် ဖြစ်သည်။ ပြီးခဲ့တဲ့နှစ်ကဘဲ ထိုနေရာ၌ အကျယ်အဝန်း ၁၀ ကိုက်လောက်ကို တိုက်စားသွားသည်။

နားကွန် သတ္တုတွင်းအတွက် သဲများတူးဖော်ခဲ့ခြင်းကြောင့် ပိန်းဆိုင်းရွာသားများ၏ တစ်ချို့ လယ်ကွက်များ ထိခိုက်ပျက်ဆီးခဲ့ရသည်။ မိုးရွာတဲ့ချိန် တွင် သဲများမိုးနှင့်အတူမျောပါလာသော ကြောင့် စိုက်ခင်းပေါ်တိုက်စား သွားသဖြင့် စိုက်ခင်းများကောင်းစွာရှင်သန်ခွင့်မရရှိခဲ့ပေ။

## ပိန်းဆိုင်းရွာထဲရှိ ရေတွင်းများခန်းခြောက်ခြင်း။

၂၀၁၀ခုနှစ်ကတည်းကသတ္တုတွင်းထဲသို့ ရေများယိုစီးသွားသောကြောင့် ခြောက်သွေ့သော ရာသီထဲတွင်ပိန်းဆိုင်းရှိတွင်းရေများ ခန်းခြောက်ခြင်း ကို ရွာသူရွာသားများခံစားခဲ့ရသည်။ သတ္တုတူးဖော်မှုမစမီ တုန်းက ဒီလိုပြဿနာ မျိုးကိုဘယ်သောအခါမှကြုံတွေ့ခြင်း မရှိခဲ့ပါ။

## သတ္တုမြေစာပုံကနေ ရေထုညစ်ညမ်းမှုဖြစ်စေခြင်း။

ပိန်းဆိုင်း သတ္တုတွင်းထဲတွင် ထွက်လာသော မြေအောက်ရေ ပမာဏများကို တစ်နေ့ ဂါလန်တစ်ရာ သတ္တုတွင်းထဲကနေ မော်တာဖြင့်စုတ်ထုတ်ပြီး ထိုရေများကို နမ္မချောင်းထဲသို့တိုက်ရိုက်ဝင်သော ကြောင့် ရေများအနက်ရောင်အဖြစ်သို့ပြောင်းလာသည်။

သတ္တုတွင်းကနေ ထွက်လာသည့် ရေများစုတ်ထုတ်သောပိုက်များကို နမ္မချောင်း အစပ်တစ်ဝိုက် ထိသွယ်တပ်ထားသည်။ ထိုစွန့် ပစ်သောရေများ သွန်လောင်းရာ မြစ်ချောင်းထဲသို့တိုက်ရိုက်စီးဝင်သည်။

နမ္မချောင်းတစ်ဝိုက်တွင် နေထိုင်သော ကုန်းပေါင်းရွာ၊ နားနွေးရွာ၊ နားနန်းရွာ နှင့် ဝမ်လုံ ရွာထဲရှိ လူဦးရေပေါင်း ၁၄၀၀ ယောက်သည် ပိန်းဆိုင်းသတ္တုတွင်းကနေ ထွက်လာသော ရေထုညစ်ညမ်းခြင်းများကို ခံစားနေရသည်။ မိုးရာသီအချိန်တွင် ထိုမြစ်ချောင်းကနေ ရေသွားချိုးရာတွင် အရေပြားများ ပေါ်တွင် ယားယံခြင်းဖြစ်သည်ဟု ညည်းညူ ပြောဆိုသည်။

နမ္မချောင်းထဲရှိ ခရုများ နှင့် ငါးများ၏ ပမာဏများလည်းလျော့ကျနေသည်ကိုလည်းသူတို့ သတိထားမိခဲ့ကြသည်။ ချောင်းအတွင်းထဲတွင်လည်း မည်သည့်မျော့မှ မရှိတော့ပါ။

ပါနန်းမွန်းဝမ်လုံ အမျိုးသမီးအဖွဲ့ခေါင်းဆောင် ပြောတာကတော့ "သတ္တုကုမ္ပဏီ လာရောက်တူးဖော်ခြင်းမရောက်ခင်တုန်းက ချောင်းထဲတွင် ငါးနှင့် ခရု အများအပြားရှိသောကြောင့် ကျမတို့သားစဉ်မြေးဆက် ဒီချောင်းထဲရှိ ခရု နှင့် ငါးများကို ဟင်းအဖြစ်ဖမ်းယူစားသောက်ခဲ့ဖူးတာ။ သို့ပေမဲ့ သတ္တုကုမ္ပဏီလာရောက် တူးဖော်တဲ့နောက်ပိုင်း ကျမ တို့ရေဟာ အမည်းရောင်အဖြစ်ပြောင်းသွားပြီ ငါးကိုရှာယူဖမ်းဖို့ လည်းတော်တော် ခက်လာပြီ ခရုလည်းဘဲအဲတိုင်းဘဲ။ ဟိုတုန်းကနဲ့လုံးဝကွဲပြားသွားပြီ "



*နမ္မမြစ်ချောင်း*

## သတ္တုသယ်ယူပို့ဆောင်ခြင်းနှင့်သိုလှောင်ခြင်းကနေလေထုညစ်ညမ်းမှုဖြစ်လာခြင်း

သတ္တုတူးပြီးသည့်နောက်ပိုင်း ပိန်းဆိုင်းသတ္တုတူးတွင်းမှပေ၁၀၀၀အကွာ ရှိပိန်းဆိုင်းရွာမှသိုလှောင်ထားသည်။ နွေရာသီတွင် သတ္တုတွင်းမှ မီးခိုးအနံ့ဆိုး ပေါ်ထွက်လာခြင်း ကြောင့် အနီးရှိ ရွာသူရွာသားများ ခေါင်းကိုက်ဝေဒနာခံစားရသည်။ရွာသူရွာသားတစ်ချို့ကို အသက်ရှူ ကျပ်ခြင်း နှင့် ချောင်းဆိုးခြင်းများဖြစ်စေရာ အထူးသဖြင့် သက်ကြီးရွယ်အိုပိုင်းများပိုခံစားရသည်။

လော်လီကားကြီးဖြင့် သတ္တုများကိုပိန်းဆိုင်းကနေ သယ်ယူပို့ဆောင်ရာတွင် မိုးရွာသွန်းမှုမရှိရင် ဘယ်တော့အခါမှ ဖုံးအုပ်သယ်ယူသွားခြင်းမရှိပါ။ ဒါ့ကြောင့်သတ္တုကထွက်လာတဲ့ဖုန်မှုံ့နှင့် လမ်းပေါ်ရှိဖုန်မှုံ့များကြောင့် လမ်းအနီးတစ်ဝိုက်တွင် နေထိုင်သော ရွာသူရွာသားများ ထိခိုက်စေသည်။


# ပန်ငါးသတ္တုတွင်း

ပန်ငါးကျေးရွာ အနောက်မြောက်ဘက် ရှိ ၂ ကီလိုမီတာဝေးကွာသော သတ္တုတွင်းများကို ၂၀၁၅ ခုထဲတွင်စတင် တူးဖော်သည်။ မြေတူးစက် ၃ စီး၊ ၂၂ ဘီး ကား ၈ စီး နှင့် လုပ်ငန်းခွင်တွင် အလုပ်သမား အယောက် ၃၀ ယောက်ရှိသည်။

ရွာသူ၊ ရွာသားများ၏ လိမ္မော်ခြံအနီး ၌ ချောင်း၏ ဘယ်ဘက်တွင်ကပ်လျှက် သတ္တုတွင်းမှ စွန့်ပစ်ပစ္စည်းများပုံထားသည်။ ထိုစွန့်ပစ်ပစ္စည်းများ သည် လိမ္မော်ခြံ များကို ဖုံလွှမ်းလာမည်ကို စိုးရိမ်နေရသည်။

မိုးရွာသည့်ချိန်တွင် စွန့်ပစ်မြေများ ချောင်းရေထဲသို့စိမ့်ဝင်သွားသည်။ သတ္တုတွင်းက နေ ထွက်လာသောရေများလည်းစုတ်ထုတ်ရာချောင်းရေထဲသို့ တိုက်ရိုက်စီးဝင်သွားသည်။ မြစ်ချောင်း အောက်ဘက်ပိုင်း တွင်နေထိုင်သော လူထုများသည် ချောင်းရေ ညစ်ညမ်းမှုများကို ခံနေရသည်။


ကျောက်မီးသွေးတူးဖော်မှုကြောင့် ပန်ငါးရွာ အနီး ဆိုးကျိုးများထိခိုက်ပျက်စီးမှုပြမြေပုံ




# နမ္မဒေသတွင်းရှိ သတ္တုတွင်းများကြောင့် ထိခိုက်ပျက်ဆီးမှုများ

## လေထုညစ်ညမ်းမှုဖြစ်စေခြင်း

ယခု တစ်နေ့ကို လော်လီကားကြီးအစီး ၁၀၀ ကျော်ဖြင့် သတ္တုများကို နားကွန် နှင့် ပန်ငါး ရှိသတ္တုတွင်းကနေ နေ့တိုင်းဖြတ်ကျော်သွားသည်။ အထူးသဖြင့် ခြောက်သွေ့သောရာသီ အတွင်းတွင် သယ်ယူသွားသော သတ္တုများ ဖုံးအုပ်ထားခြင်း မရှိသော ကြောင့် ကားများမှထွက်လာသောဖုန်မှုံ့များ ရွာသားတို့၏အိမ်ထဲသို့ဝင်ခြင်း၊ လေတိုက်ပါကအသုံးအဆောင်ပစ္စည်းများ ဖုံတင်စေခြင်းကြောင့်ရွာ သူရွာသားများညီးညူကြသည်။


ကျောက်မီးသွေး သယ်ယူပို့
မြ
လားရှိုးလမ်းမကြီး
စင့်အင်
နားလန်း
ကုန်းမုန်
သီပေါ
ဟန်နား
နမ့်ပေါင်
နားဖျန်း
လားရှိုး
သီပေါ
မိုင်းရယ်
တရုတ်နိုင်ငံ
မြန်မာနိုင်ငံ
ရှမ်းပြည်နယ်
လာအို
နိုင်ငံ
ထိုင်းနိုင်ငံ
ရွာ
ကျောက်မီးသွေးတွင်း
လမ်း
မြစ်/ချောင်း
ကျောက်မီးသွေး သယ်ယူပို့ဆောင်ရေးလမ်းကြောင်း

# ဆာင်ရေးလမ်းကြောင်းပြမြေပုံ


နားဟိ
မောက်တောင်း
နားပူ
ကုန်းပေါင်း
ပိန်းဆိုင်း
ကျောက်မီးသွေးတွင်း
နမ္မ ဂမ်လုံ
နောင်ခွန်
နားကွန်ကျောက်မီးသွေးတွင်း
နားကွန်
နမ့်ပေါင်
ပါတက်
နားတော်
ပန်ငါးကျောက်မီးသွေးတွင်း
ခိုနန်းဖ
တိန်းဟိုင်း
ပန်ငါး
မက်ကျဲန်း
ဆိုင်းခေါင်
ဝမ်ကျောင်းမိုင်
ဖါဆိုင်
ဟူးမီ
0
2.5
5
ကီလိုမီတာ

## သတ္တုတင်ကားများကြောင့် အခြေခံ ဆက်သွယ်ရေးလမ်းကြောင်းများ ပျက်စီးခြင်းနှင့် လမ်းမပေါ်တွင် ယာဉ်တိုက်မှု အန္တရယ်များလာ။

သတ္တုသယ်ယူပို့ဆောင်သော ကားအရေအတွက်များလာသောကြောင့် လမ်းမပေါ်မှယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားလာစေသည်။ ဩဂုတ်လ၁၁ရက်နေ့၂၀၁၆တွင်ဈေးမှဆိုင်ကယ်မောင်းနှင်လာသောရွာသားနှစ်ယောက်သည်ပန်ငါးရွာ၏တောင်ဘက်တွင် သတ္တုသယ်ယူပို့ဆောင်သောကားနှင့်တိုက်မိခဲ့သည်။ကုန်းမခေါ်ကျေးရွာမှအသက် ၂၁ နှစ် ရှိ စိုင်းဆန်စိုင်း သည် အခင်းဖြစ်ပွား ရာနေရာတွင် သေဆုံးခဲ့ ရသည်။ ဆိုက်ခေါင်မှ အသက် ၂၈ နှစ် ရှိ မိန်းကလေး နန်းဟန် သည် ဒဏ်ရာပြင်းထန်သဖြင့် ၂ ရက် အကြာတွင် လားရှိုးဈေးရုံတွင်သေဆုံးသွားသည်။ သေဆုံးသွားသော ရွာသားနှစ်ဦးသည် အိမ်ထောင်သည်များဖြစ်သည်။ နန်းဟန်သည် လေးလ သား ကလေးအရွယ်အပါအဝင် ခလေးနှစ်ယောက်ရှိ သည်။

ငွေရည်ပုလဲ ကုမ္ပဏီမှ ယာဉ်တိုက်မှုကြောင့် အသက်ဆုံးသွားသော ရွာသားနှစ်ဦးကို ဈာပနကြေး နှင့် သူတို့ မိသားစု အတွက် လျော်ကြေးများပေးဆောင်ခဲ့သည်။ သေဆုံးသူ၏ မိသားစုများကို ဖြစ်ပွားခဲ့ သောယာဉ်တိုက်မှု အကြောင်းကို အပြင်သို့ သတင်းမဖြန့်ရန်ပိတ်ပင်သွားသည်။

နမ္မချောင်းတွင်ရေသိုလှောင်ထားသော ကန်ဘောင်ပေါ်ကို သတ္တုကားများ မောင်းနှင်ပြီး သတ္တုတွင်းအတွက် ကျောက်များလာရောက်သယ်ယူ သောကြောင့် ဩဂုတ်လ ၁၄ ရက် ၂၀၁၆ တွင် ရေသိုလှောင်ကန် ပြိုကျ ပျက်ဆီးခဲ့သည်။ ထိုရေသိုလှောင်ကန် မှ ထွက်လာသောရေအေးလျှပ်စစ်ကို ရွာအတွက် အသုံးပြုခဲ့သည်။



*ပိုင်းဆိုင်းကျေးရွာတွင် သတ္တုတူးရာမှ တွင်းထဲရေဝပ်ရာကနေ ရေကန်အဖြစ်သို့ဖြစ်သွားခြင်း*

## ရာသီဥတုပြောင်းလဲသွားခြင်း။

ရေလမ်းကြောင်းများ၊ လယ်ယာမြေများ၊ တောင်ပေါ်ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြံများ နှင့်စားကျက်မြေနေရာ များပျက်ဆီးဆုံးရှုံးသွားသောကြောင့် နမ္မနယ်မြေဧရိယာကို ခြောက်သွေ့ခြင်းနှင့်ပို၍ပူလောင်ခြင်းကိုဖြစ်ပေါ်စေ သည်။ ရွာသားများပြောဆိုရာတွင် လယ်ထဲရေသွင်းဖို့ ပိုပြီးခက်ခဲလာသည့်အပြင် ကျွဲ ၊ နွား တိရိစ္ဆာန်တို့အတွက် လည်းခက်ခဲလာပြီ။

အမျိုးသမီးအဖွဲ့ခေါင်းဆောင် ပါနန်းမွန်းက "သတ္တုတူးဖော်ရေးမစခင်တုန်းက ကျမတို့ ကျွဲတွေ နွားတွေ မွေးမြူပါတယ်။ ဒါပေမဲ့ သူတို့ သတ္တုတူးဖော်ရေးလုပ်ငန်းကို ကျမတို့နယ်မြေမှာလာရောက်တူးဖော်ပြီး သည့်နောက်ပိုင်း ရာသီဥတုတွေလည်းဖောက်ပြန်တယ်၊ ယခင်တုန်းကထက်လည်းပိုပူလာတယ်၊ ဒါကြောင့် ကျမတို့ကျွဲနွားတွေ စားကျက်နေရာမှာ မစားနိုင်တာကြောင့် တစ်ချို့ကျွဲနွားတွေ သေတဲ့ထိဖြစ်သွားရတယ်။ "



*ပိုင်းဆိုင်းကျေးရွာတွင် သတ္တုတူးရာမှ တွင်းထဲရေဝပ်ရာကနေ ရေကန်အဖြစ်သို့ဖြစ်သွားခြင်း*

# ရွာသူရွာသားများ သတ္တုတွင်းရပ်တန့်သွားဖို့နည်းရှာရာ ကုမ္ပဏီမှပြန်လည်တုံ့ပြန်မှုများ

## အချက်များ

- မတ်လ ၂၆ ရက် ၂၀၁၆ တွင် ရွာသူ၊ ရွာသား အယောက် ၂၅၀ ကျော် နှင့် ငွေရည်ပုလဲ ကုမ္ပဏီ ကိုဦးဆောင် သော မန်နေဂျာ ဦးဇော်ဝင်း၊ သတ္တုတွင်း မန်နေဂျာ ပီစိုင်းမောင် နှင့်တခြား ကုမ္ပဏီ အရာရှိ တယောက်တို့ ဂမ်လုံဘုန်းကြီးကျောင်းတွင်တွေ့ဆုံခဲ့ သည်။ ဒေသခံရွာသူ၊ ရွာသားများက သတ္တုတူးဖော်မှု အလိုမရှိ ကြောင်းနှင့် သတ္တုတူးဖော်မှုကို ရပ်တန့်ရန် ကုမ္ပဏီကို ပြောဆိုခဲ့သည်။
- ဂျွန်လ ၁၆ ရက် ၂၀၁၆ တွင် နမ္မကျေးရွာအုပ်စု အုပ်ချုပ်ရေးဥက္ကဌ နှင့်အတူ ရွာသူရွာသား ၃၀၀ ဦး သည် သတ္တုတူးဖော်ရေးလုပ်ငန်းရပ်ဆိုင်းဖို့ လက်မှတ်ရေးထိုးပြီး သီပေါ်ရှမ်းတိုင်းရင်း သားများဒီမိုကရေစီ အဖွဲ့ချုပ်၏လွှတ်တော်အမတ် နန်းစမ်းစမ်းအေးဆီကို ပို့ပေးသည့်အပြင် သီပေါအုပ်ချုပ်ရေးအရာရှိဖြစ်သည့် ဦးညွန့်လှိုင်ကိုလည်းပို့ပေး သည်။
- ဂျွန်လ ၂၃ ရက် ၂၀၁၆ တွင် သတ္တုတူးဖော်ရေးလုပ်ငန်းရပ်တန့်ရန်စာတင်ပြခြင်း နှင့်ပတ်သက်ပြီး သီပေါအုပ်ချုပ်ရေးမှူးအရာရှိ က နမ္မကျေးရွာအုပ်ချုပ်ရေးမှူးကို သီပေါ အုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံမေးမြန်းသည်။
- ဂျွန်လ ၂၅ ရက် ၂၀၁၆ တွင် သတ္တုတူးဖော်ရေးလုပ်ငန်းရပ်တန့်ရန်ဆွေးနွေးဖို့အတွက် ရွာသူရွာသား များ အယောက် ၅၀ နှင့် အတူ နမ္မကျေးရွာအုပ်စုအုပ် ချုပ်ရေးမှူးဥက္ကဌ ကို ငွေရည်ပုလဲကုမ္ပဏီ၏မန်နေဂျာ ဦးဇော်ဂင်း ကလာရောက် တွေ့ဆုံဆွေးနွေးသည်။ နမ္မဘုန်းတော်ကြီးကျောင်းတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ သတ္တုတူးဖော်ရေးလုပ်ငန်းကို ရပ်တန့်ဖို့အတွက် ကုမ္ပဏီဝန်ထမ်းများလုံးဝသဘောမတူခဲ့ပေမဲ့ နမ္မရွာသူရွာသား တွေရဲ့လူမှုကူညီရေးလုပ်ငန်းကိုလုပ် ဆောင်ပေးမည်ဟုပြောသွားရာ ရေလှောင်ကန် ၏တံတိုင်းနှင့် ရေကူညီမှု နှင့် လျှပ်စစ်မီးကူညီမှုအပါအဝင် အစရှိသည့်ကူညီမှုမျိုးကို ကူညီသွားမည်ဟုဆိုသည်။
- ဩဂုတ်လ ၉ ရက်နေ့ ၂၀၁၆ တွင် နမ္မကျေးရွာအုပ်စု နှင့် အနီးတစ်ဝိုက်ရှိ ရွာသူ၊ ရွာသားပေါင်း ၃၆၁ ယောက်သည် နမ္မဘုန်းကြီးကျောင်းတွင် ဆွေးနွေးပွဲကျင်းပခဲ့သည်။ ကျောက်မီးသွေးတူးဖော်မှုများ ကို မဲဖြင့် ဆုံးဖြတ် ရာ မဲအားလုံးတွင် ထိုဧရိယာတွင်းရှိ သတ္တုတူးဖော်မှု များအားလုံး ချက်ချင်းရပ်တန့်ရန် အားလုံးက မဲပေးခဲ့ကြသည်။



*သတ္တုတွင်းကို ဆန့်ကျင်ရန် ဒေသခံရွာသူရွာသားများ နမ္မဘုန်းတော်ကြီးကျောင်းတွင် စုဝေးနေချိန်*



*နမ္မဘုန်းတော်ကြီးကျောင်းတွင် သတ္တုတွင်းအလိုမရှိကြောင်းဒေသခံရွာသူရွာသားများ စုဝေးဆန္ဒပြ*




*ငွေရည်ပုလဲကုမ္ပဏီ၏ ဆိုင်းပုဒ်*



*ပိန်းဆိုင်းရှိ သတ္တုတူးတွင်းထဲတွင် ရေဝပ်*



*အမိုးအကာ ပါရှိခြင်း မရှိဘဲ ပိန်းဆိုင်းကနေ ထရပ်ကားဖြင့် ကျောက်မီးသွေးများကို သယ်ယူပို့ဆောင်နေ*



*စက်တင်ဘာလ ၁၈ ရက် ၂၀၁၆ တွင် ပိန်းဆိုင်းမှ စွန့်ပစ်ရေများကို နမ္မချောင်းထဲသို့ စွန့်ထုတ်နေသည်။*



ပိန်းဆိုင်းရွာတွင်းရှိ ရွာသူရွာသား၏အိမ်



နောင်ငွေးရှိ လယ်ယာမြေကေစိုက်ခင်း

# တောင်းဆိုချက်

ငွေရည်ပုလဲကုမ္ပဏီ၏ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု များကို နမ္မရွာသားရွာသားများ ဆယ်နှစ်ကျော် ရင်ဆိုင်နေကြရသည်။ သူတို့လယ်ယာမြေများဆုံးရှုံး ခြင်း၊ ရေလမ်းကြောင်းများပိတ်ဆို့သောကြောင့် ရေများကြည်လင်မှုမရှိခြင်း နှင့် လေထုညစ်ညမ်းမှုများကိုဖြစ် စေခဲ့သည်။ သူတို့၏လယ်ယာမြေပေါ် တွင် မြေစာများစွန့်ပစ်ထားခြင်းကြောင့် ဟိုတုန်းကမြေဆီကောင်းသောကြောင့် သီးနှံအထွက် နှုံးပမာဏများခဲ့ရာ ခုတော့မိုးခေါင်ခြင်းနှင့်ကြုံတွေ့နေရ သည်။

နမ္မ ရွာသူရွာသားများ သူတို့၏ လယ်မြေ ဖျက်ဆီးခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် အနာဂတ်ဖျက်ဆီး နေခြင်းကို ကြာကြာသည်း ခံနိုင်လိမ့်မည်မဟုတ်ဟုဆိုသည်။ ဒီတူးဖော်မှု ကို လက်မခံနိုင်ချေ။ သတ္တုချဲ့ထွင်တူးဖော်မှုများကို ဆက်လက်အကြံထပ်မပေးရန်နှင့် သတ္တုတူးဖော်မှုမစခင် သူတို့ဘယ်တော့မှ တူးဖော်မှု ကို အကြံပေးမှာ မဟုတ်ကြောင်းပြောဆိုသည်။

---

နမ္မအုပ်စုကျေးရွာတွင်းရှိသတ္တုတူးဖော်ရေးလုပ်ငန်းများ အားလုံးကို နှောင့်နှေးကြံကြာမှု မရှိစေဘဲ ငွေရည်ပုလဲ မှတူးဖော်မှု ချက်ချင်းရပ်တန့်ရန်၊ ဝန်ထမ်းနှင့်တူး ဖော်သည့်စက်ပစ္စည်းများအားလုံး ချက်ချင်းပြောင်းရွှေ့ပေးရန်တောင်းဆိုပါသည်။

---

# နမ္မတွင်းရှိသတ္တုတူးဖော်မှု

## ချက်ချင်းရပ်

နမ္မရှမ်းတောင်သူလယ်သမားများ